*** ကျေးဇူးတော်ရှင် ပိုင်းလော့ဆရာတော်ဘုရားကြီးပူဇော်ထားသော ဗုဒ္ဓဘိသေကအနေကဇာတင် ***

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃ ကြိမ်)

❁ အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ၊ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

❖ ပုနပ္ပုနံ-ဘဝသံသရာ ဖန်ခါခါလျှင် ခန္ဓာဝဋ်ဇာတ် အမြစ်မပြတ်နိုင်ဘဲ၊ ဇာတိ- ယောနိလေးထွေ လှည့်ပတ်ဖွေလျက် သန္ဓေစွဲမှီ တည်နေဖြစ်ပွားခဲ့ရခြင်းသည် ဇာတိ- ဥမှာမှီတဲ့ ပဋိသန္ဓေ၊ သားအိမ်မှာမှီတဲ့ ပဋိသန္ဓေ၊ အညှိမှာမှီတဲ့ ပဋိသန္ဓေ၊ ဥပပတ္တိ ပဋိသန္ဓေဟု ဆိုအပ်သော ယောနိလေးတွေ လှည့်ပတ်ခွေလျက် သန္ဓေစွဲမှီတည်နေဖြစ်ပွားခဲ့ရခြင်းသည်၊ ဒုက္ခာ-သန္ဓေဇာတိ ခန္ဓာရှိက ဗျာဓိ ဇရာ မရဏာတို့ မကွာနောက်ဆက် ဝင်နှိပ်စက်၍ သက်သက်ချမ်းသာ မဟုတ်ပါဘဲ လွန်စွာညှိုးနွမ်း ပင်ပန်းဆင်းရဲလှပါဘိ၏။

❖ တသ္မာ-ထို့ကြောင့် ဂဟကာရံ - အိုမင်းပိုင်နက် နာမင်းပိုက်နက် သေမင်းပိုင်နက် သူစားကျက်၌ ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အကြောင်းရင်း သမုဒယသစ္စာ ဖြစ်သော တဏှာယောက်ျား လက်သမားကို၊ ဂဝေသန္တော - ဉာဏ်ဖြင့်မွေ၍ ရှာဖွေခဲ့သော ဘုရားအလျာ သူမြတ်ငါသည်၊ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော သင့်ကိုမြင်နိုင် ဉာဏ်မဏ္ဍိုင်ကို ပိုင်ပိုင်တိတိ မရရှိခဲ့သေးသည်ဖြစ်၍၊ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော သင့်ကိုမြင်နိုင် ဉာဏ်မဏ္ဍိုင်ကို သွမ္မာနတွေး မရေသေးသည်ဖြစ်၍၊ အနေကဇာတိ သံသာရံ- ဖြစ်တုံ ပျက်ပြန် ဘဝများစွာ သံသရာကာလပတ်လုံး၊ သန္ဓာဝိဿံ-ခန္ဓာငါးချက် ဒုက္ခစက်ကို ကြောက်လျက်ပင်လျှင် ငါမခင်ဘဲ သံသရာဝဋ် ချားရဟတ်၌ မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည် ခဲ့ရလှလေပြီ။

❖ ဂဟကာရက - အိုမင်းပိုင်နက် နာမင်းပိုင်နက် သေမင်းပိုင်နက် သူစားကျက်၌ ဒုက္ခယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် အကြောင်းရင်း သမုဒယသစ္စာဖြစ်သော ဟယ် တဏှာယောက်ျား လက်သမား၊ ဣာနေ ဣဒါနိ- ဘုရားဖြစ်လာ ယခုအခါ၌၊ တွံ-သင့်ကို ဒိဋ္ဌော ပညာစက္ခု သဗ္ဗညုဖြင့်၊ ယခု ထင်ထင် လင်းလင်းမြင်ပြီး အပ်သည် ဖြစ်ပေပြီ။ တွံ-သင်သည် ပုန- တဖန် ဂေဟံ- အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို၊ န ကာဟသိ - သင် မပြုရတော့ပြီ။ တွံ- တဏှာယောက်ျား လက်သမား၏ သဗ္ဗာ-တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော၊ ဖာသုကာ-အခိုင်အမာ တည်ဆောက် ခန္ဓာအိမ်၏ ဘုံကွန်းပြောက်တည်း ဟူသည့် ထုပ်လျောက်ဒိုင်းမြားနှင့်တူသည့် ကိလေသာတရားတို့ကိုလည်း၊ ဘဂ္ဂါ-ဝါသနာ အငွေ့အသက်နှင့် တကွ အနုသယသတ္တိ ကျန်မရှိအောင် စိစိကြေညက် ငါချိုးဖျက်အပ်ပေပြီ။

❖ ဂဟကူဋံ-သစ္စာလေးအင် နိဗ္ဗာန်သွင်ကို မြင်ခွင့်မပေး ဝေးထက်ဝေးအောင် အရေးကန့်လန့် တားဟန့်ပိတ်ကာ အဝိဇ္ဇာ တည်းဟူသော ခန္ဓအိမ်၏အထွတ် မန်ကင်းကိုလည်း၊ ဝိသင်္ခတံ- အရဟတ္တမဂ် ဉာဏ်သံလျက်ဖြင့် မှန့်မှန့်ကြေမွ ငါဖျက်ချအပ်ပေပြီ။ စိတ္တံ-ကိလေသာဟူ မြူအညစ်အကြေး ကင်းဝေးဖြူလွင် ငါဘုရား၏ စိတ်အစဉ်သည်၊ ဝိသင်္ခါရံ-သင်္ခါရစက်ကွင်း ဒုက္ခခပင်းမှ လွတ်ကင်းရာအမှန် နန်းနိဗ္ဗာန်သို့၊ ဂတံ-

အာရုံမျက်မှောက် သန္တိစာတ် သိဒ္ဓိပေါက်သဖြင့် ဆိုက်ရောက် သက်ဝင်မိလေပြီ၊ အဟံ-သုံးလောကထွတ်ထား ငါဘုရားသည်၊ တဏှာနံ့ ခယံ-တဏှာတရာ့ရှစ်ပါး၏ ကုန်ခန်းရာမှန် အာသဝက္ခယ စတုတ္ထမဂ်ဖိုလ်သို့၊ ခတော-စက္ကဝါရိုက်ခြောင်း တိုက်တစ်သောင်းမှ နတ်ပေါင်းပြဟ္မာ ကောင်းတင်းကြာလျက် ကြည်သာဝမ်းမြောက် ငါ ဆိုက်ရောက်ခဲ့လေပြီတကား။ (သာဓု သာဓု သာဓု)

*** ဥဒါန်းဂါထာ

❁ ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မာ။

❁ ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ့ အဝေဒိ။

*** ပဋိစ္စသမုပ္ပါဒ် အနုလောမ
❁ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ သမ္ဘဝန္တိ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

*** ပဋိစ္စသမုပ္ပါဒ် ပဋိလောမ
❁ အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပ နိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတနိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေ တဿ ကေဝလဿ၊ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

❁ ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။ (သာဓု သာဓု သာဓု)

❖အာတာပိနော - တစ်ထောင်ငါးရာ ကိလေသာတို့ကို ကုန်ခမ်းစေတတ်သော အာတာပ - ဝီရိယဖြင့် ပြည့်စုံပေထသော၊ ဈာယတော- အာရုံလက္ခဏမြတ်ဓမ္မတို့ကို စိတ်ချတည်ကြည် အပယ်နာခိုက် ဈာန်မဂ်ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော၊ ဗြာဟ္မဏဿ - လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံးက ဆယ်ပါးသောပါရမီတော်အပေါင်းတို့ကို ဥစ္စာပြည်ရွာ သားမယားနှင့် အင်္ဂါကြီးငယ်အသက်ကိုပင် ပေးစွန့်၍ ပြည့်စုံအောင် ကောင်းစွာမသေ့ ဖြည့်ကျင့်တော်မူခဲ့ခြင်းကြောင်း၊ ရအပ်သော (၃၂)ပါးသော ယောကျ်ားမြတ်လက္ခဏာနှင့် ပြည့်စုံသော ငါဘုရားအား၊ ယဒါ- အကြင်အခါ၌ ဟဝေ - စင်စစ် ဓမ္မာ - ဗောဓိပက္ခိယတရား(၃၇)ပါးတို့သည် ပါတုဘဝန္တိ - ထင်ရှားမသေ့ ဖြစ်ပေါ်၍လာခဲ့လေပြီ။

❖ အထဿ - ထိုသို့ ထင်ရှားမသေ့ဖြစ်ပေါ်၍လာခြင်းကြောင့် သူရိယော - ယုဂန်ထိုရ်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူ ဦးတင်မူသော ရှင်နေမင်းသည်၊ အန္တလိက္ခံ - အဇ္ဈာပြင်ကောင်းကင်ကြီးကို၊ ဩဘာသယံ - ဩဘာသယန္တော ဣဝ မိမိ၏ရောင်ခြည်တစ်ထောင်အလင်းရောင်ဖြင့် အမိုက်အမှောင်ကို ဖြိုးခွင်း၍ ထွန်းလင်းတောက်ပနိုင်ဘိသကဲ့သို့၊ ဧဝမေဝ- ဤအတူသာလျှင် မာရသေနံ - အလုံးစုံသော မာရ်စစ်သည် အပေါင်းတို့ကို မာရသေနံ- ကာမ ပျင်းရိမွတ်သိပ်ဘိနှင့် လိုရှိတဏှာ အိပ်ငိုက်ခါဖြင့် ဘယာဘေရု - ယုံမှုကိစ္စ ပယ်ခွာကျေးဇူး ပျော်မြူးခြွေရံ၊ အတုတ္ထန္တန- (၁၀)ပါးပြသည် မှတ်ကြမာရ်စစ်ဆယ်ပါးတည်း။ မာရသေနံ - မာရ်စစ်သည်အပေါင်းတို့ကို ဝိဓူပယံ - ဝိဓူပယန္တော သဗ္ဗညုတ ဉာဏ်တော်အလင်းရောင်ကြီးဖြင့် ချိုးဖျက်နှိမ်နင်း အောင်မြင်ပြီး ဖြစ်သဖြင့် တိဋ္ဌတိ သုံးလောက၌ ဘုရားအဖြစ်သို့ ကောင်းစွာမသေ့ ရောက်ရှိတော်မူခဲ့ လေပြီတကား။ (သာဓု သာဓု သာဓု)

*** ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းလွှာ

❖ ဘဂဝန်ဘုန်းလှိုင် နှုန်းပြိုင်တုကင်း အဘက်ကွာ၍ စကြာမင်းအစစ် ဖြစ်ကြီးဖြစ်တော်မူသော တိဘဝပါရဂူ သယမ္ဘူ ရှင်တော်မြတ်ဘုရားသည် ငါးပါးမာရ်နှင် ပလ္လင်ဗွေထွတ် မြေတမွတ်ဝယ် ရွှေဝတ်လှာမုံ ကြာပဒုံသို့ အစုံလေးလီ ခိုင်နှင်းဆီကို လှမ်းမှီဆွတ်ချွေ၍ ကရွတ်ခွေဝင့်မစက်မှ လွတ်ထွက်တော်မူပြီးနောက် သတ္တာသတ္တ နဝတာလီ ကိန်းယာယီဖြင့် ခိုမှီပြောင်းစံတော်မူဆဲအခါ ရတနာဃရ သတ္တာဟဝယ် ဓမ္မနက်ကျယ် သမုဒ်နယ်သို့ ဆန်းကြယ်နက်ဝှမ်း ပဋ္ဌာန်းကျမ်းကို ထောက်လှမ်းမြူးကွန့် ရွှေဉာဏ်တော်လွှန့်လေသော် ရောင်ညွန့်ရောင်စွယ် ရွှေဘုန်းတော်ခြယ်သောကြောင့် သပ္ပါယ်လို့-ရှုမဆုံး မိုးလုံးတပြင် ဝေဟင်အပြန့် မရပ်တန့်ဘဲ မဆန့်နိုင်- တဝေဝေ ညို-ရွှေ-နီ-ဖြူ အဆူဆူထွေးယှက်လျက် နီမောင်းရောင်ထွက် လျှပ်စည်းတွေလက်သလို ပြိုးပြိုးပြက် တင့်ငွါးငွါး ရောင်ခြောက်စုံ ကစားလျက် လောကဓာတ် တိုက်အများကို ဖြန့်လွှားအုပ်မိုးတော်မူကြ လေကုန် သတည်း။

ရောင်ခြည်တော်ဖူးညွှန့် ထွေးယှက်လိမ် လူးလွန့်လျက် မြူးကွန့်တော်မူစေရန် အကြောင်းရင်း သမုဋ္ဌာန် ဇောန်ဇော ပဋ္ဌာနဟု နယထူးဆန်း မြတ်ပဋ္ဌာန်းကို ရှင်လန်းသော ဉာဏ်ကသိုဏ်း သမာဓိ ဖလ်တံတိုင်းဖြင့် ဌာန်ကရိုဏ်းပီသစွာ စေတနာထွတ်အမြတ်ဖြင့် ရွတ်ဘတ် သရဇ္ဈာယ်တော်မူကြပါကုန်လော။

❁ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယေ၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ကစ္စယော၊ သမ္ပယုတ္တ ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော တိ။ (သာဓု သာဓု သာဓု)

***သမ္ဗုဒ္ဓေဂါထာ

❁ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမာကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တ ရာယာပိ၊ ဝိနဿန္တု အသေသတော။

❖ အဋ္ဌဝီသံ - သုံးပါးဘဝ သုံးလောကတွင်ဉာဏရောင်ဖိတ် အောင်ဘိသိတ်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေ စ - တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့်သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ ဒွါဒသဉ္စ သဟဿကေ - နိဗ္ဗာန်ကိန်းအောင်းစက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေစ - လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့်သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ ပဉ္စသတ သဟဿာနိ - သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်းငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေစ - နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာဝင်းထိန် မြတ်မုနိတို့ကိုလည်းကောင်း၊ မေ အမှာကံ - ဘုရားတပည့်တော်တို့သည်၊ သိရသာ - ဦးခေါင်း ရတနာ မြတ်အင်္ဂါဖြင့်၊ နမာကာ - ရှိခိုးကန်တော့ကြပါ၏ မြတ်စွာပါဘုရား။ (သာဓု သာဓု သာဓု)

❖ ဂင်္ဂါ-ဂင်္ဂါယ - ဂင်္ဂါမြစ်အတွင်း၌၊ သမုဒ္ဒရာ-သမုဒ္ဒရယ - သမုဒ္ဒရာအတွင်း၌၊ ဝါဠုကာ - ရှိကြကုန်သော သဲအစုတို့သည်၊ အပ္ပကာ - နည်းကြပါကုန်သေး၏၊ နိဗ္ဗုတာ - ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြ ကုန်ပြီးသော၊ ဇိနာ - ငါးမာရ်အောင်မြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်ကား၊ အနန္တာ - သင်္ချာဂဏန်း ရေတွက်မှန်းသော်လည်းဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြပါကုန် အရှင်ဘုရား။ တေ ဇိနေ စ - ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကိုလည်းကောင်း၊ တေသံ - ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့၏ ၊ ဓမ္မဉ္စ - ဟောကြားတော်မူအပ်သော တရားတော်မြတ်တို့ကိုလည်းကောင်း၊ သံဃဉ္စ - တပည့်သား သံဃာတော် အရှင်သူမြတ်တို့ကိုလည်းကောင်း၊ မေ အမှာကံ - ရုပ် နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် ဘုရားတပည့်တော် တို့တတွေသည်၊ အာဒရေန-အာဒရံ ကျိုးနွံမသွေ ရှိသေလှစွာ၊ နမေ-နမာမ - ဆယ်ဖြာလက်စုံ ကြာပဒုံသို့ ကြည်ညိုညွတ်ကျိုး လွန်မြတ်နိုးလျှက် ရှိခိုးကန်တော့ကြပါ၏ မြတ်စွာဘုရား။ (သာဓု သာဓု သာဓု)

❖ ဘဒ္ဒေ ဘုန်းတော်ကြီးမားသော ရှင်တော်မြတ်ဘုရား၊ ဘဒ္ဒေ ဘုန်းတော်သရဖူ ဆောင်းတော်မူ၍၊ အောင်သူတကာတို့၏ ညွတ်ရုံး ဦးခိုက်ရာ၊ ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၊ ထိုရှင်တော်မြတ် ဘုရားကြီးသည် ဣတိပိ ဤသို့လျှင်၊ တစ်ထောင့်ငါးရာ ကိလေသာတို့ကို၊ ဝါသနာအငွေ့အသက်နှင့်တကွ အနုသယသတ္တိ ကျန်မရှိအောင်၊ စိစိကျေညက် ချိုးဖျက်တော်မူပြီး၍၊ မကောင်းမှုတရားတို့ကို စိတ်ကွယ်ရာ၌ပင် ပြုတော်မမူ ပြောတော်မမူ၊ စိတ်တော်ကပင် ကြံစည်တော်မမူသဖြင့်၊ ဖြဟ္မာနတ်လူသုံးဘုံလူတို့၏ ပူဇော်အထူးကို၊ ခံယူတော်မူရပါသော ဤအကြောင်းကြောင့်လည်း၊ အရဟံ အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန် ဘဝဂ်ဘုံ မဆံ့အောင်ပင်၊ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသတည်း။ (သာဓု သာဓု သာဓု)

❖ အရဟံအစ ဘဂဝါအဆုံး၊ ကိုးပါးသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူ၍၊ ဘုန်းတော်အနန္တ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ မေတ္တာတော်အနန္တ တို့သည်၊ ဗောဓိပင်ခြေ ပလ္လင်ဗွေ၌ ဘုရားအဖြစ်သို့ ရောက်သည်မှ ယနေ့တိုင်အောင်၊ မဆံ့ဘဝဂ် ပျံ့တက်လျှက်ရှိပါပေ၏၊ မဆံ့ဘဝဂ် ပျံ့တက်လျှက်ရှိတော်မူသော၊ ဘုန်းတော် ဉာဏ်တော် ဂုဏ်တော် တန်ခိုးတော်၊ မေတ္တာတော်ပိုင်ရှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ မေ-

အမှာကံ ဘုရားတပည့်တို့တတွေသည်၊ အာဒရေန-အာဒရံ ကျိုးနွံမသွေ ရှိသေလှစွာ၊ ဝန္ဒေ ဝန္ဒာမ ဆယ်ဖြာလက်စုံ ကြာပဒုံသို့၊ ကြည်ညိုညွတ်ကျိုး လွန်မြတ်နိုးလျှက် ရှိခိုးကန်တော့ကြပါ၏ မြတ်စွာဘုရား။

- ငါးမာန်အောင်မြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- အနန္တဂုဏ်အင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ငြိမ်းအေးသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- သံသရာကယ်တင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- နိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။
- ပရိနိဗ္ဗာန်စံဝင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

❖ နမက္ကာရာနုဘာဝေန - ဤသို့ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့၏ အာနုဘော်ဟုန် တန်ခိုးဂုဏ်တို့ကြောင့်၊ မေ-အမှာကံ - ဘုရားတပည့်တော်တို့တတွေအား၊ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ ဥပဒ္ဒဝေ - ဘေးဥပါဒ်အပေါင်းတို့သည်၊ ဟိတွာ - ပပျောက်ကြကုန်သည်သာဖြစ်၍၊ အနေကာအန္တရာယာပိ - ကိုယ်တွင်း ကိုယ်ပ၊ အိမ်တွင်း အိမ်ပ၊ ကျောင်းတွင်း ကျောင်းပ၊ အရံတွင်း အရံပ၊ အလုပ်ခွင် အလုပ်ပ နှစ်ဌာနတို့၌ အလိုမရှိအပ် ဖြစ်ပေါ်၍လာတတ်ကြကုန်သော များစွာသိန်းသောင်း ရှိရှိသမျှသော အန္တရာယ်အပေါင်းတို့သည်၊ အသေသတော - အကြွင်းအကျန် မရှိသောအားဖြင့်၊ ဝိနဿန္တု - ဝေးစွာစင်ကင်းလွင့်ပျောက်ခြင်းသို့ ရောက်ကြကုန်သည်၊ ဘဝန္တု - စင်စစ်မသွေ ဖြစ်ကြပါကုန်စေသတည်း။ (သာဓု သာဓု သာဓု)

❁ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု၊ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု၊ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု။
ဗုဒ္ဓသာသနံ - မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ အပါယ်ဘေးမှ လွတ်မြောက်စေ၍၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့ကို ပေးစွမ်းနိုင်သည့်၊ ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးရပ်တို့သည်၊ စိရံ - နှစ်များမြောင်ကာလကြာရှည်အောင်၊ တိဋ္ဌတု - ဝေနေများစွာ သတ္တဝါတို့ ချမ်းသာစိမ့်ငှာ အရှည်ခန့်၍ တည်တံ့ပါစေကုန်သတည်း။ (သာဓု သာဓု သာဓု)

❁ ဗုဒ္ဓံ မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။
❁ ဓမ္မံ တရားတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။
❁ သံဃံ သံဃာတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

(သာဓု သာဓု သာဓု)